## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၈-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး COVID-19 ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်း ဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

COVID-19 သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား COVID-19 ရောဂါ ရှိမရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၇-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၉,၈၈၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၆၃၀)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၂) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၂၈၀,၈၄၅)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၄၆၁,၀၆၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၅၅၅)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၅,၃၇၆)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄၈) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၆၃၁) ဦး ရှိပါသည်။

# ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

## (၂၈-၉-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၅၇)ခု | (၃၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၇)ခု | (၅)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၁)ခု | (၉)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၅၃)ခု | (၃၉)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၉၂)ခု | (၂၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၇၁)ခု | (၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၁)ခု | (၉၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၆၂၄)ခု | (၁,၄၁၇)ဦး |
| **စုစုပေါင်း** | **(၁၉,၈၈၆)ခု** | **(၁,၆၃၀)ဦး** |

## မြန်မာနိုင်ငံတွင် COVID-19 ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှု အခြေအနေ

## (၂၇-၅-၂၀၂၁ မှ ၂၇-၉-၂၀၂၁)



- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် COVID–19 ရောဂါကူးစက်ဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်မှု တတိယလှိုင်းအတွင်း ဇူလိုင်လအလယ်၌ အတည်ပြုလူနာတွေ့ရှိရမှုနှင့် ပိုးတွေ့ရှိမှုနှုန်းတို့ အမြင့်ဆုံးဖြစ်ခဲ့ပြီး အတည်ပြုလူနာ (၆,၇၀၁) ဦးနှင့် ပိုးတွေ့ရှိမှုနှုန်း (၄၀.၈) ရာခိုင်နှုန်းတို့ရှိခဲ့ပါသည်။ COVID–19 ရောဂါကူးစက်မှုအား ထိန်းချုပ်နိုင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ဦးဆောင်မှု၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ပံ့ပိုးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ရောဂါဖြစ်ပွားမှုများသော ဒေသများအား နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at Home) မြို့နယ်များအဖြစ်သတ်မှတ်ခြင်း၊ (၁၇–၇–၂၀၂၁) ရက်နေ့မှ (၁၀–၉–၂၀၂၁) ရက်နေ့အထိ အများပြည်သူ ရုံးပိတ်ရက်ရှည်အဖြစ် သတ်မှတ်ခဲ့ခြင်းနှင့် သံသယလူနာများ၊ အနီးကပ်ထိတွေ့ခဲ့သူများနှင့် ရောဂါကူးစက်နိုင်ချေမြင့်မားသော အုပ်စုများအား ဓာတ်ခွဲစစ်ဆေးမှုတိုးမြှင့်ဆောင်ရွက်ခြင်းစသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ တက်ကြွစွာကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျစည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဇူလိုင်လကုန်မှစ၍ အတည်ပြုလူနာတွေ့ရှိရမှုနှင့် ပိုးတွေ့ရှိမှုနှုန်းတို့ တဖြည်းဖြည်းလျော့နည်းလာခဲ့ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့၏ကဏ္ဍများအလိုက် COVID–19 ရောဂါထိန်းချုပ်ရေး လုပ်ငန်းများတွင် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။